ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အခွန်အယူခံခုံအဖွဲ့

**ညွှန်ကြားလွှာအမှတ် ( ၁ / ၂၀၂၂ )**

၂၀၂၂ ခုနှစ်၊ မတ် လ ၁၇ ရက်

( ၁၃၈၃ ခုနှစ်၊ တပေါင်းလဆုတ် ၁ ရက် )

၁။ အခွန်အယူခံခုံအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ ဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၁-၁၀-၂၀၂၀ ရက်စွဲပါ ညွှန်ကြားလွှာအမှတ် ၂/၂၀၂၀ ဖြင့် လျှောက်ထားသူများက အယူခံမှု၊ ပြန်လည်သုံးသပ်မှု၊ ပြင်ဆင်မှု၊ လွှဲအပ်မှုများကို တင်သွင်းရာ၌ လိုအပ်သည့် လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြရမည့် အထောက်အထား စာရွက်စာတမ်းများကို ရှင်းလင်းစွာ သိရှိနိုင်ရန် သတ်မှတ်ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ အခွန်အယူခံခုံအဖွဲ့နှင့် အခွန်အယူခံခုံအဖွဲ့ရုံးတို့အနေဖြင့် လျှောက်ထားလာသည့် အမှုများနှင့် စပ်လျဉ်း၍ အမှုတွဲများကို ထိန်းသိမ်းရာတွင် Digitalized စနစ်နှင့် Data Management System စနစ်တို့ကို အသုံးပြုအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် လျှောက်ထားသူများက သတ်မှတ် အခယ-၁ သို့မဟုတ် အခယ-၂ သို့မဟုတ် အခယ-၃ ပုံစံဖြင့် လျှောက်ထားချက် တင်သွင်းရာတွင် ညွှန်ကြားလွှာအမှတ် ၂/၂၀၂၀ ပါအတိုင်း ဆက်လက်လိုက်နာ ဆောင်ရွက်ရန် လိုအပ်မည့် အပြင် လျှောက်ထားသူသည် လျှောက်ထားချက်ကိုသော်လည်းကောင်း၊ လျှောက်ထားခံရသူသည် ချေပလွှာကိုသော်လည်းကောင်း အခွန်အယူခံခုံအဖွဲ့သို့ ပေးပို့တင်ပြရာတွင် Microsoft Word Software အသုံးပြု၍ Pyidaungsu Font ဖြင့် ပြုစုထားသော Soft Copy (CD) ကို ပူးတွဲ ပေးပို့တင်ပြကြရန် ဖြည့်စွက်သတ်မှတ်လိုက်သည်။

၁၇.၃.၂၂

( မြင့်ဦး )

ဥက္ကဋ္ဌ

အခွန်အယူခံခုံအဖွဲ့

စာအမှတ်၊ အခယ (ဖွဲ့)/ ၃ / ၀၂ ( ၂၁၃/၂၀၂၂)

ရက်စွဲ ၊ ၂၀၂၂ ခုနှစ် ၊ မတ် လ ၁၇ ရက်

ဖြန့်ဝေခြင်း

အဖွဲ့ဝင်များအားလုံး၊ အခွန်အယူခံခုံအဖွဲ့

အခွန်အယူခံခုံအဖွဲ့ ၊ ဥက္ကဋ္ဌရုံးခန်း

ညွှန်ကြားရေးမှူးချုပ်၊ အခွန်အယူခံခုံအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

ကြော်ငြာသင်ပုန်း

မိတ္တူကို

- ရုံးလက်ခံစာတွဲ
- မျှောစာတွဲ